ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး**

(၅၁)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်**

**( ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက် )**

**[အင်္ဂါနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၅၁)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## **အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးရဲ့ (၅၁)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၅၁)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို(၁၉၃)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့(၈၆.၁၆)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၅၁)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသား

လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၅၁)ရက်မြောက်နေ့ ၂၉-၈-၂၀၁၇ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များမှာ ဒေါက်တာဌေးကြွယ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ကျန်းမာရေး။ ဦးအေးချို၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ကျန်းမာရေး။ ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)၊ ကျန်းမာရေး။ ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ဖခင်ဖြစ်သူ ကျန်းမာရေးနှင့် ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ကျန်းမာရေးတို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၂၆)ဦးနှင့် ယနေ့ခွင့်ပန်ကြားသူ (၅)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၃၁)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအား လွှတ်တော်က ခွင့်အဖြစ်သတ်မှတ် ခွင့်ပြု ပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအပ် ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၅၁)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်ကခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၆)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၅)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၃၁) ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းများကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်ငါးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ထီဖိုးကိန်ကျေးရွာအုပ်စု၊ ထီးကိုင်ကောင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန်နှင့် ဆရာ/ဆရာမအင်အား ထပ်မံဖြည့်တင်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်နန်းမိုးမိုးထွေး က ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ထီဖိုးကိန်ကျေးရွာအုပ်စု၊ ထီးကိုင်ကောင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန်နှင့် ဆရာ၊ ဆရာမအင်အား ထပ်မံဖြည့်တင်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဒေါ်နန်းမိုးမိုးထွေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမိုးမိုးထွေး ပဲ ဖြစ်ပါတယ်ရှင်။ ကျွန်မမေးမြန်းလိုတဲ့ မေးခွန်းကတော့ ကျွန်မတို့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ထီဖိုးကိန်ကျေးရွာ

အုပ်စု၊ ထီးကိုင်ကောင်းကျေးရွာမှာရှိတဲ့ အ.မ.က ထီးကိုင်ကောင်းကျောင်းဆောင်အား (၉၀ x ၃၀)ပေ RC တစ်ထပ် ကျောင်းဆ ောင်အသစ်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းခြင်း ဖြစ်ပါတယ်။

ကျွန်မတို့ ထီးကိုင်ကောင်းကျေးရွာဟာ အိမ်ခြေ(၁၀၉)အိမ်၊ အိမ်ထောင်စု(၁၂၃)စုနှင့် လူဦးရေ(၆၆၁)ဦး ရှိတယ်လို့ သိရှိရပါတယ်။ အ.မ.က ထီးကိုင်ကောင်းကျောင်းဆောင်ကို ကျေးရွာ လူထုထည့်ဝင်ငွေ (၂၄)သိန်းကျပ်နဲ့ (၄၀x၂၄)ပေ ရှိတဲ့ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ ကျောင်းဆောင်ကို ၂၀၀၃ ခုနှစ်မှာ စတင်ဆောက်လုပ်ပြီးတော့ သင်ကြားခဲ့ကြတာ ဖြစ်ပါတယ်။ ယခု ၂၀၁၇-၂၀၁၈ ပညာ သင်နှစ်မှာ နှစ်စမှာ ကျောင်းသားဦးရေ(၁၂၆)ဦးနဲ့ ဆရာ၊ ဆရာမ(၃)ဦးဖြင့် သင်ကြားခဲ့ကြပြီးတော့ ပြီးခဲ့တဲ့ ၄-၈-၂၀၁၇ ရက်နေ့မှာတော့ ဒီဆရာ၊ ဆရာမ အပြောင်းအရွှေ့နဲ့ PPTT တွေ ခန့်အပ် ထားတဲ့အတွက် အဲဒီကျောင်းမှာ ဆရာ၊ ဆရာမ(၃)ဦး ထပ်မံရောက်ရှိလာတယ်လို့လည်း သိရှိရပါတယ်။ ဆရာ၊ ဆရာမအင်အားကို ထပ်မံဖြည့်ဆည်းပေးခဲ့တဲ့ ပညာရေးဌာနကိုလည်း ကျေးဇူးအထူးတင်ရှိ ပါတယ်ရှင်။

သို့သော်လည်းပဲ ကျောင်းသားဦးရေ(၁၂၆)ဦးရှိတဲ့ ကျောင်းဆောင်ကို ဆရာ၊ ဆရာမ(၃)ဦး ထပ်မံပေးခဲ့သော်လည်းပဲ ကျောင်းသားဦးရေ(၁၉၈)ဦးရှိတဲ့ ဒီ ကျွန်မတို့ လှိုင်းဘွဲ့မြို့နယ်က နောင်ဘိုကြီး ကျေးရွာ အ.မ.ကကျောင်းမှာဆိုလို့ရှိရင် ဆရာ၊ ဆရာမ(၂)ဦးပဲ ပေးထားပါတယ်။ ယခု အပြောင်းအရွှေ့ တွေမှာလည်း လုံးဝပါလာခြင်းမရှိတာကိုလည်း တွေ့ရှိရပါတယ်။ အဲဒါကလည်း ဘာကြောင့်လဲဆိုတာ လေးကိုလည်း သိရှိလိုပါတယ်။ နောက်ပြီး နောင်ဘိုကြီး အ.ထ.ကကျောင်းမှာဆိုလို့ရှိရင်လည်း အလယ်တန်းပြ ဆရာ၊ ဆရာမ(၆)ဦးကို တစ်ပြိုင်နက်တည်းပဲ ရွှေ့လိုက်ပြီးတော့မှ သူ့အစားကို တစ်ယောက်မှ ပြန်လည်ခန့်ထားတာကို မရှိဘူးဆိုတာကိုလည်း တွေ့ရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မ တင်ပြထားတဲ့ အထဲမှာတင်ပြထားတဲ့ ထီးကိုင်ကောင်း ကျောင်းဆောင်ကတော့ (၁၄)နှစ်ခန့်ကြာပြီဖြစ်တဲ့အတွက် အန္တရာယ်ရှိတဲ့ ကျောင်းဆောင်လည်း ဖြစ်တယ်။ ကျောင်းသားဦးရေအရ တိုးချဲ့ဖို့လည်း လိုအပ်တာဖြစ်တဲ့အတွက် ဒီ ၂၀၁၇-၂၀၁၈ တုန်းက ပညာရေးဌာနကို တင်ပြခဲ့ပါတယ်။ သို့သော်ငြားလည်းပဲ မပါလာခဲ့ပါဘူး။ ဒီ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေး နှစ်မှာလည်း ထပ်မံပြီးတော့ တောင်းခံထားပါတယ်။ မြို့နယ်မှာလည်း ဦးစားပေးအလိုက် ရွေးချယ်တဲ့ အခါမှာ ဦးစားပေးအဆင့်(၅)မှာ ပါဝင်တယ်ဆိုတာကို ကိုယ်တိုင်ပါဝင်ရွေးချယ်ခဲ့တဲ့အတွက် သိရှိထား ပြီးလည်း ဖြစ်ပါတယ်။

သို့သော်လည်းပဲ ပြီးခဲ့တဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တုန်းက ကျွန်မတို့ လှိုင်းဘွဲ့မြို့နယ်မှာ လွှတ်တော်ကိုယ်စားလှယ်များ အပါအဝင် ပြည်နယ်လူမှုရေးဝန်ကြီး၊ မြို့နယ်ပညာရေးမှူးနဲ့ လက်ထောက် ပညာရေးမှူးတွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူးတွေနဲ့ ကျေးရွာသူ၊ ကျေးရွာသားများအားလုံး စုပေါင်းပြီးတော့ ကျောင်းတွေကို အစဉ်လိုက်၊ ဦးစားပေးအလိုက် ရွေးချယ်ခဲ့ကြတယ်။ အဲဒီရွေးချယ်ခဲ့သော်လည်းပဲ ကျွန်မတို့ ဒီပြည်ထောင်စုလွှတ်တော်ကြီးကို ပို့ပေးလာတဲ့ စာရင်းမှာကျတော့ မြို့နယ်မှာ ရွေးချယ်ခဲ့တဲ့ စာရင်းတွေနဲ့ ကွဲလွဲမှုရှိတာကိုလည်း တွေ့ရှိခဲ့ရပါတယ်။ အဲဒါက ကျွန်မတို့မြို့နယ် တစ်ခုတည်း

မဟုတ်ပါဘူး။ ကရင်ပြည်နယ်မှာဆိုရင် ကော့ကရိတ်မြို့နယ်မှာလည်း အလားတူဖြစ်တယ်လို့ ကျွန်မတို့ ကော့ကရိတ်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်ကနေပြီးတော့လည်း သိရှိရပါတယ်။ ဒါကြောင့်မို့လို့ ပြီးခဲ့တာကို ကျွန်မတို့ သင်ခန်းစာယူပြီးတော့ ယခုနှစ်မှာ အဲဒီလိုထပ်မဖြစ်အောင် ကျွန်မတို့ ကိုယ်စားလှယ်တွေ သတိထားဖို့လိုအပ်သလို ကျွန်မတို့ ပညာရေးဝန်ကြီးဌာနကိုလည်း အောက်ခြေ ကြီးကြပ်ပေးပါလို့ မေတ္တာရပ်ခံအပ်ပါတယ်ရှင်။ Power Point အသုံးပြုခွင့် ပြုပါရှင်။

ဒါကတော့ ကျွန်မတို့ ထီးကိုင်ကောင်းကျောင်းရဲ့ ပုံလေးပါ။ နောက် Slide ပြပါ။ ကျောင်း ပုံလေးပါ။ နောက် Slide ပြပါ။ ဒါ အနောက်ကြောကမြင်ရတဲ့ ပုံလေးပါ။ နောက် Slide ပြပါ။ ဒါကတော့ ကျွန်မတို့ ဒီကျောင်းဆောင်က အန္တရာယ်ရှိပြီးတော့မှ ဝါးနဲ့ထိုးထားရတဲ့ပုံ ဖြစ်ပါတယ်။ နောက် Slide ပြပါ။ ဒါကတော့ ဆွေးမြည့်နေတဲ့ တိုင်လေးတွေဖြစ်ပါတယ်။ နောက် Slide ပြပါ။ ဒါ ကျွန်မတို့ ပေ(၄၀x ၂၄)မှာ ကျောင်းသားအယောက်(၁၂၆)ယောက် ကြပ်ပိတ်သိပ်ပြီးတော့ ပညာသင်ကြားနေရတဲ့ ပုံလေး တွေဖြစ်ပါတယ်။ နောက် Slide ပြပါ။ အလားတူပါပဲ။ နောက် Slide လေးပြပါ။ ကျေးဇူးတင်ပါတယ်။ Slide ပိတ်လို့ရပါပြီ။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မ Power Point မှာ တင်ပြထားတဲ့အတိုင်း ကျွန်မတို့ရဲ့ ကရင်ပြည်နယ်၊ ထီဖိုးကိန်ကျေးရွာအုပ်စု၊ ထီးကိုင်ကောင်းကျေးရွာ အ.မ.ကကျောင်းကို ကျောင်းဆောင်အသစ် (၉၀ x ၃၀)ပေ ဆောက်လုပ်ပေးနိုင်မှု အခြေအနေရှိ/မရှိ သိရှိလိုပါတယ်။ ဥက္ကဋ္ဌကြီး ကနေတစ်ဆင့် မေးမြန်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

လှိုင်းဘွဲ့မြို့နယ်၊ ထီးကိုင်ကောင်းကျေးရွာ၏ အခြေခံပညာမူလတန်းကျောင်း မြင်ကွင်းပုံ(ကဒ)



လှိုင်းဘွဲ့မြို့နယ်၊ ထီးကိုင်ကောင်းကျေးရွာ၏ အခြေခံပညာမူလတန်းကျောင်း မြင်ကွင်းပုံ(ကဒ-၁)



ကျောင်းသား (၁၂၆)ယောက် ကြပ်ပိတ်သိပ်ပြီး ပညာသင်ကြားနေရသည့် မြင်ကွင်းပုံ(ကဒ-၂)



**မွန်ပြည်နယ်၊ ရေးမြို့နယ်၊ အာယုတောင်ကျေးရွာအုပ်စု၊ အပလွိုင်ကြီးကျေးရွာ၊ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၌ ကျောင်းသား၊ ကျောင်းသူဦးရေ နှစ်စဉ်များပြားလာမှုကြောင့် ကျောင်းစာသင်ဆောင် လိုအပ်မှု ရှိနေသည့်အတွက် ပေ(၉၀ x ၃၀) RC တစ်ထပ်ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိုင်သီဟ က မွန်ပြည်နယ်၊ ရေးမြို့နယ်၊ အာယုတောင်ကျေးရွာအုပ်စု၊ အပလွိုင်ကြီးကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်း

(ခွဲ)၌ ကျောင်းသား၊ ကျောင်းသူဦးရေ နှစ်စဉ်များပြားလာမှုကြောင့် ကျောင်းစာသင်ဆောင် လိုအပ်မှုရှိနေသည့်အတွက် ပေ(၉၀ x ၃၀) RC တစ်ထပ်ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးနိုင်သီဟ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ မင်္ဂလာပါ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ နိုင်ငံသူ နိုင်ငံသား၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကိုယ်စိတ်နှလုံး အေးချမ်းကျန်းမာ ချမ်းသာကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်သီဟ ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ အာယုတောင်ကျေးရွာအုပ်စု၊ အပလွိုင်ကြီးကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ကျောင်းသား၊ ကျောင်းသူဦးရေ နှစ်စဉ်များပြားလာမှုကြောင့် ကျောင်းစာသင်ဆောင် လိုအပ်မှုရှိနေသည့်အတွက် ပေ(၉၀ x ၃၀) RC တစ်ထပ်ကျောင်းဆောင်အသစ်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း ဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ အာယုတောင်ကျေးရွာအုပ်စု၊ အပလွိုင်ကြီးကျေးရွာဟာ စုစုပေါင်း အိမ်ခြေ(၂၃၆)အိမ်ရှိပြီးတော့ လူဦးရေအားဖြင့် ကျား(၇၁၆)ဦး၊ မ(၉၁၈)ဦး စုစုပေါင်း လူဦးရေ(၁၆၂၄)ဦးခန့် နေထိုင်ကြတဲ့ ကျေးရွာတစ်ရွာဖြစ်ပါတယ်။ အာယုတောင်ကျေးရွာအုပ်စုနဲ့ မော်လမြိုင်၊ မြိတ်၊ ကော့သောင်း ကားလမ်းမကြီးရဲ့ အရှေ့ဘက်(၇)မိုင်အကွာမှာ တည်ရှိတဲ့ ကျေးရွာတစ်ရွာဖြစ်ပြီး ဥယျာဉ်ခြံမြေတွေ စိုက်ပျိုးခြင်းလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြပါတယ်။

အဆိုပါ အာယုတောင်ကျေးရွာအုပ်စု၊ အပလွိုင်ကြီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှာ ကျောင်းဆောင်အနေဖြင့် ပေ(၃၀x ၆၀)RC တစ်ထပ်ပင်မကျောင်းဆောင်တစ်ဆောင်နဲ့ ယာယီကျောင်းဆောင်တစ်ဆောင်တို့တွင် KG တန်းမှစ၍ သတ္တမတန်းအထိ စာသင်ခန်း(၈)ခန်းဖွဲ့ပြီးတော့ အတန်းပညာများကို သင်ကြားပေးနေတဲ့ ကျောင်းတစ်ကျောင်း ဖြစ်ပါတယ်။ အဆိုပါကျောင်းမှာ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှာ ကျောင်းသား၊ ကျောင်းသူဦးရေ(၇၆)ဦး၊ ၂၀၁၆ -၂၀၁၇ ပညာသင်နှစ်မှာ (၉၁)ဦး၊ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ ကျောင်းသား၊ ကျောင်းသူဦးရေ(၁၀၅)ဦးအထိ တိုးတက်များပြားလာလျက်ရှိနေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပေးပါရန် ခွင့်တောင်းခံအပ်ပါတယ်။ ဒါ ပင်မကျောင်းဆောင်ပါ။ ဒါကတော့ မူကြိုဆောင်ဖြစ်ပါတယ်။ ဒါကတော့ ယာယီအသုံးပြုနေတဲ့ ယာယီကျောင်းဆောင်ပါ။ ယာယီကျောင်းဆောင် ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောင်းစာသင်ဆောင်တစ်ခုအနေဖြင့် အသုံးပြုနေတဲ့ အဆိုပါယာယီကျောင်းဆောင်ဟာ အမိုးအကာ လုံခြုံမှုမရှိတာကြောင့် ကျောင်းသား၊ ကျောင်းသူများ စာပေသင်ကြား

ရာမှာ အခက်အခဲ ရှိနေပါတယ်။ အဆိုပါ အခက်အခဲကို ဖြေရှင်းပေးနိုင်ရေးအတွက် ပေ(၉၀ x ၃၀) RC တစ်ထပ် ကျောင်းဆောင်အသစ်တစ်ဆောင် ဆောက်လုပ်ပေးပါရန် ကျောင်းသူ၊ ကျောင်းသားများနှင့် မိဘပြည်သူများ၏ကိုယ်စား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) အပလွိုင်ကြီးကျေးရွာ ပင်မကျောင်းဆောင်မြင်ကွင်းပုံ (က၈)



အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) အပလွိုင်ကြီးကျေးရွာ ယာယီကျောင်းဆောင်မြင်ကွင်းပုံ (က၈-၁)



အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) အပလွိုင်ကြီးကျေးရွာ ယာယီကျောင်းဆောင်မြင်ကွင်းပုံ (က‌ခ-၂)



**ဗဟိုကချုပ်ကိုင်သောစနစ် (Centralism)ကို ဖြေလျှော့ပြီး မြို့နယ်ပညာရေးမှူး လုပ်ပိုင်ခွင့်ကို မြို့နယ်အဆင့်မှာ အတည်ပြု၊ ခရိုင်ပညာရေးမှူး လုပ်ပိုင်ခွင့်ကို ခရိုင်မှာအတည်ပြု၊ တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူး လုပ်ပိုင်ခွင့်ကို တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရမှ အတည်ပြုပြီး အခြေခံ ပညာဦးစီးဌာနမှ သင်ကြားရေးဝန်ထမ်းများကို ရာထူးတိုး၊ ပြောင်းရွှေ့ခြင်းများ ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမာန်လောမောင်း က ဗဟိုကချုပ်ကိုင်သောစနစ် (Centralism)ကို ဖြေလျှော့ပြီး မြို့နယ်ပညာရေးမှူး လုပ်ပိုင်ခွင့်ကို မြို့နယ်အဆင့်မှာ အတည်ပြု၊ ခရိုင်ပညာရေးမှူး လုပ်ပိုင်ခွင့်ကို ခရိုင်မှာ အတည်ပြု၊ တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူး လုပ်ပိုင်ခွင့်ကို တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရမှ အတည်ပြုပြီး အခြေခံပညာ ဦးစီးဌာနမှ သင်ကြားရေးဝန်ထမ်းများကို ရာထူးတိုး ပြောင်းရွှေ့ခြင်းများ ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးမာန်လောမောင်း ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၈) မင်းတပ်မြို့နယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမာန်လောမောင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခြေခံပညာဦးစီးဌာနရှိ ရာထူးတိုး၊ အပြောင်းအရွှေ့များကို လက်ရှိမူ အရ မူလတန်းပြအဆင့်ကို မြို့နယ်ပညာရေးမှူးများကိုလည်းကောင်း၊ အလယ်တန်းပြနှင့် မူလတန်း ကျောင်းအုပ်အဆင့်ကို ခရိုင်ပညာရေးမှူးများကိုလည်းကောင်း၊ အထက်တန်းပြများကို ပြည်နယ်၊ တိုင်း

ပညာရေးမှူးများကို အသီးသီးလုပ်ပိုင်ခွင့်ပေးထားသော်လည်း တကယ်ကျင့်သုံးရာတွင် အောက်ခြေဝန်ထမ်းမှအထက်ထိ ရာထူးအားလုံးကို ပြည်နယ်၊ တိုင်းအစိုးရမှ အခြေခံပညာရုံးချုပ်အထိ အတည်ပြုချက်ရယူရသဖြင့် ပြည်နယ်၊ တိုင်းအစိုးရမှသည် ရုံးချုပ်အထိ ခရီးရှည်ခြေဆန့်နေသဖြင့် ကြန့်ကြာပြီး ကျောင်းဖွင့်ရက်အမီ မထွက်နိုင်ဘဲ ကျောင်းဖွင့်ရက် ကျော်လွန်၍ သုံးလ၊ လေးလကျော်မှ နှစ်စဥ် ရာထူးတိုး၊ အပြောင်းအရွှေ့ ထွက်သည်ကို တွေ့ရှိရပါတယ်။ ဆရာ၊ ဆရာမများ မလုံလောက်သော ဒေသများအတွက် ရာထူးတိုး၊ အပြောင်းအရွှေ့ နောက်ကျသလို စာသင်ချိန် ထိခိုက်နစ်နာလျက် ရှိပါသည်။

ထိုသို့ဖြစ်ရခြင်းသည် ဗဟိုချုပ်ကိုင်မှု (Centralism)ကြောင့်ဖြစ်ပြီး စစ်မှန်သော ဒီမိုကရေစီ လမ်းကြောင်းသွားရာတွင် ဗဟိုချုပ်ကိုင်မှုကို ဖြေလျှော့ပြီး ဗဟိုရုံးချုပ်မှ အတည်ပြုရန်မလိုဘဲ မြို့နယ် ပညာရေးမှူးကို လုပ်ပိုင်ခွင့်ပေးသည့် မူလတန်းအဆင့်ကို သက်ဆိုင်ရာ မြို့နယ်စီမံခန့်ခွဲမှုအဖွဲ့နှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ အတည်ပြုချက်ဖြင့်လည်းကောင်း၊ ခရိုင်ပညာရေးမှူး လုပ်ပိုင်ခွင့်ကို ခရိုင်စီမံခန့်ခွဲရေးအဖွဲ့နှင့် လွှတ်တော်ကိုယ်စားလှယ်များဖြင့်လည်းကောင်း၊ တိုင်း၊ ပြည်နယ်ပညာရေးမှူး လုပ်ပိုင်ခွင့်ကို သက်ဆိုင်ရာ တိုင်း၊ ပြည်နယ်အစိုးရအဖွဲ့မှ အတည်ပြုချက်ရယူပြီး အပြောင်းအရွှေ့ များကို ထွက်ပေးကာ မိတ္တူများကို ဗဟိုရုံးချုပ်သို့ ပေးပို့ပါက အချိန်မီ မြန်ဆန်စွာ ကျောင်းဖွင့်ရက်အမီ ထွက်ရှိနိုင်မည် ဖြစ်ပါသည်။

အခြေခံပညာအဆင့်သည် လူ့လောကထဲရောက်လာခါစ အသိပညာမကြွယ်သေးသည့် ကလေးသူငယ်များကို စည်းရုံးလှုံ့ဆော်ပြီး အချိန်များများပေးကာ ဖိဖိစီးစီးသင်ကြားပေးနိုင်မှ သင်ကြားမှု ထိရောက်ပြီး ကလေးများအတွက် အကျိုးရှိမည်ဖြစ်ပါသည်။ သို့ဖြစ်၍ ဗဟိုချုပ်ကိုင်မှု (Centralism)ကို ဖြေလျှော့ပြီး မြို့နယ်ပညာရေးမှူး လုပ်ပိုင်ခွင့်ကို မြို့နယ်အဆင့်မှာ အတည်ပြုပြီး ခရိုင်ပညာရေးမှူး လုပ်ပိုင်ခွင့်ကို ခရိုင်မှာအတည်ပြု၊ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူး လုပ်ပိုင်ခွင့်ကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရမှ အတည်ပြုပြီး သင်ကြားရေးဝန်ထမ်းများကို ရာထူးတိုး၊ ပြောင်းရွှေ့ခြင်းများ ပြုလုပ်ပေးရန် အစီအစဥ်ရှိ/မရှိ မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။ (သြဘာသံများ)

**မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်အတွင်းရှိ သင်္ကောကျေးရွာနှင့် ကလွီကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တို့ကို အခြေခံပညာ အထက်တန်းကျောင်းများအဖြစ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၌ အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလင်းတင်ဌေး က မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်အတွင်းရှိ သင်္ကောကျေးရွာနှင့် ကလွီကျေးရွာ အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)တို့ကို အခြေခံပညာအထက်တန်းကျောင်းများအဖြစ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၌ အဆင့် တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးလင်းတင်ဌေး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလင်းတင်ဌေး ပဲ ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့် အကြောင်းအရာကတော့ မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်အတွင်းရှိ သင်္ကောကျေးရွာ၊ ကလွိကျေးရွာများမှ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)များကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း အဆင့်တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး မေးမြန်းသွားမှာပဲ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ ချောင်းဆုံမြို့နယ်ဟာ မွန်ပြည်နယ် (၁၀)မြို့နယ်မှာ အဆင်းရဲဆုံးမြို့နယ် တစ်မြို့နယ်ဖြစ်သလို တိုင်းရင်းသားအများစုနေထိုင်တဲ့ မြို့နယ်တစ်မြို့နယ်လည်း ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ချောင်းဆုံမြို့နယ်မှာ အ.ထ.က ကျောင်း(၆)ကျောင်း၊ အလယ်တန်းကျောင်း(၃)ကျောင်း၊ အ.မ.ကကျောင်း(၇၉)ကျောင်း၊ အထက်တန်းကျောင်း(ခွဲ)(၇)ကျောင်း၊ အထက်တန်းကျောင်း(၅)ကျောင်း၊ မူလတန်းလွန်ကျောင်း(၁၁)ကျောင်း စုစုပေါင်း အခြေခံကျောင်းပေါင်း(၁၁၁)ကျောင်းဖြင့် ပညာရေးသင်ကြားပေးလျက်ရှိပါတယ်။ မနှစ်တုန်းက ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် မွန်ပြည်နယ်သို့ အထက်တန်းကျောင်း(၁၁)ကျောင်း၊ အထက်တန်းကျောင်း(ခွဲ)(၅)ကျောင်း၊ အလယ်တန်းကျောင်း(၂၂)ကျောင်း၊ အလယ်တန်းကျောင်း(ခွဲ)(၁၀)ကျောင်း၊ မူလတန်းလွန်ကျောင်း(၁၂)ကျောင်း၊ မူလတန်းကျောင်း(၇)ကျောင်း၊ မူလတန်းကျောင်း(ခွဲ)(၂)ကျောင်း စုစုပေါင်း(၆၉)ကျောင်း အဆင့်တိုးမြှင့်သတ်မှတ်ပေးတဲ့နေရာမှာ ကျွန်တော့်ရဲ့ ချောင်းဆုံမြို့နယ်တွင် အဆင့်တိုးမြှင့်ခြင်း ခံရသည့် ကျောင်း(၁)ကျောင်းပဲ ရှိခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ချောင်းဆုံမြို့နယ်ဟာ တိုင်းရင်းသားအများစုနေထိုင်တဲ့ မြို့နယ်ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လက်ရှိရှိနေတဲ့ စာသင်ကျောင်းများကိုလည်း အဆင့်တိုးမြှင့်သတ်မှတ်ပေးဖို့ လိုအပ်နေတာပဲ ဖြစ်ပါတယ်။ အဲဒီလိုမျိုး အဆင့်တိုးမြှင့်သတ်မှတ်ပေးတဲ့နေရာမှာ တိုင်းရင်းသားဒေသ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ အခြေခံမူများနဲ့ သတ်မှတ်တဲ့နေရာမှာ လျှော့ပေါ့စဉ်းစားပေးစေလိုကြောင်း ဦးစွာပထမ တင်ပြလိုပါတယ်။

ခုနတုန်းက ကျွန်တော်တင်ပြသွားတဲ့ သင်္ကောကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နဲ့ ကလွိကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)များမှာ ကျောင်းသားဦးရေများ သတ်မှတ်ချက်လုံလောက်လျက်ရှိပြီး အဆောက်အအုံများလည်း လုံလောက်လျက်ရှိပါတယ်။ လမ်းပန်းဆက်သွယ်ရေးအနေနဲ့ ကျွန်တော့်ရဲ့ ချောင်းဆုံမြို့နယ်ဟာ ကျဉ်းမြောင်းသည့် မြို့နယ်ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ခရီးမိုင်အကွာအဝေးသတ်မှတ်တဲ့နေရာမှာ လျှော့ပေါ့စဉ်းစားပေးစေလိုပါတယ်။ ဒ့ါအပြင် ကျွန်တော့်ရဲ့ ချောင်းဆုံမြို့နယ်အတွင်းရှိ ကျွန်တော် တောင်းဆိုသည့် သင်္ကောအခြေခံပညာ အထက်တန်းကျောင်း(ခွဲ)မှာဆိုလို့ရှိရင် ကျောင်းသူတစ်ဦးက နေ့လယ်ကြောင်တောင် စာသင်ကျောင်းကို သွားတဲ့နေရာမှာ လုယက်မှုလည်း ကြုံတွေ့ခဲ့ရတဲ့အတွက်ကြောင့်မို့လို့ ခရီးအကွာအဝေးမိုင် သတ်မှတ်တဲ့နေရာမှာ လျှော့ပေါ့စဉ်းစားပေးစေလိုပါတယ်။

ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ ကျွန်တော် လေးစားစွာ မေးမြန်းချင်တာကတော့ မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်အတွင်းရှိ သင်္ကောကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)နှင့် ကလွီကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)များကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အခြေခံပညာအထက်တန်းကျောင်းအဖြစ်သို့ အဆင့်တိုးမြှင့် သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းအား လေးစားစွာ မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ် ဟင်္သာတနည်းပညာတက္ကသိုလ်ကို တက္ကသိုလ်အဆင့်နှင့် လျော်ညီစေရန် ကျောင်းအဝင်မုခ်ဦး တည်ဆောက်ပေးရန်၊ ကျောင်းအဝင်လမ်းကို ကွန်ကရစ်လမ်း ခင်းပေးရန်နှင့် တက္ကသိုလ်ဝင်း ခြံစည်းရိုး အုတ်တံတိုင်း ကာရံပေးရန်အတွက် ယခုဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိကို သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးထိန်ဝင်း က ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ် ဟင်္သာတနည်းပညာတက္ကသိုလ်ကို တက္ကသိုလ်အဆင့်နှင့် လျော်ညီစေရန် ကျောင်းအဝင်မုခ်ဦး တည်ဆောက်ပေးရန်၊ ကျောင်းအဝင်လမ်းကို ကွန်ကရစ်လမ်း ခင်းပေးရန်နှင့် တက္ကသိုလ်ဝင်း ခြံစည်းရိုး အုတ်တံတိုင်း ကာရံပေးရန်အတွက် ယခုဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဦးထိန်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးကို မင်္ဂလာပါလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး အမှတ်(၄)မဲဆန္ဒနယ်က အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးထိန်ဝင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတ မြို့နယ်မှာရှိတဲ့ ဟင်္သာတနည်းပညာတက္ကသိုလ်ဟာ ယခင်တုန်းကတော့ ကျွန်တော်တို့ ဟင်္သာတမြို့၊ တာငါးဆယ်တောင်ရပ်ကွက်၊ ကရင်ကျောင်းလမ်းမှာ တည်ထောင်ဖွင့်လှစ်ထားတာကနေပြီးတော့ လွန်ခဲ့တဲ့ ၂၀၀၃ ခုနှစ်ကစပြီးတော့ မြို့နဲ့(၆)မိုင်လောက်ဝေးတဲ့ နတ်မော်ကျေးရွာ အနောက်ဘက် ချင်းကွင်းရွာကို ပြောင်းရွှေ့သွားခဲ့တာ အခုဆိုလို့ရှိရင် (၁၄)နှစ်ခန့်ရှိပြီ ဖြစ်ပါတယ်။ အဲဒီနေရာက နဂိုတုန်းက ကျွန်တော်တို့ နိုင်ငံတော်ကနေပြီးတော့ အုန်းခြံလုပ်ထားတဲ့ နေရာပါ။ အင်မတန်မှ ခေါင်ပါတယ်။

ကျွန်တော်တို့ ရဲတပ်ဖွဲ့မှာ ဝင်ရောက်တာဝန်ထမ်းဆောင်နေတဲ့အခိုက် ၁၉၈၃ ခုနှစ်လောက်မှာ ငါးတောင်လောက်အရှည်ရှိတဲ့ ကျားသစ်တစ်ကောင် ဒီအုန်းခြံထဲဝင်ရောက်လာလို့ အုန်းခြံစောင့်တဲ့ သားအဖနှစ်ယောက်ကို တိုက်ခိုက်တဲ့အတွက် ဒဏ်ရာတွေ အပြင်းအထန်ရတဲ့ အဖြစ်အပျက်တွေ လည်း ရှိခဲ့ဖူးပါတယ်။ အဲဒီတော့ ဒီနည်းပညာတက္ကသိုလ်ဟာ ဒီနေရာကို ပြောင်းရွှေ့လာတဲ့အခါမှာ

(၅၉.၉၄)ဧက ကျယ်ဝန်းတဲ့ မြေကွက်ကြီးပေါ်မှာ ထီးထီးကြီးဆောက်ထားတာတွေ့ရပါတယ်။ အဲဒီတော့ တက္ကသိုလ်တစ်ခုဆောက်တယ်ဆိုလို့ရှိရင် BP တို့ BQ တို့ ဆွဲတဲ့အခါမှာ ကျွန်တော်တို့ သိတာကတော့ အရင်ဦးဆုံး မုခ်ဦးလုပ်တယ်။ ကျောင်းခြံစည်းရိုးအုတ်ထရံတွေကာတယ်။ ပြီးတော့မှ ကျောင်း၊ တက္ကသိုလ် အဆောက်အအုံကို ဆောက်တယ်။ ပြီးလို့ရှိရင် စိမ်းလန်းစိုပြည်ဖို့အတွက်ဆိုတဲ့ဟာမျိုးတွေပါ ဒါမျိုးတွေ ထည့်သွင်းပြီးတော့ တွက်ချက်ပြီးတော့မှ ဆောက်တယ်ဆိုတာ သိရပါတယ်။

သို့သော်လည်းပဲ ကျောင်းကို ကွင်းပြင်ကြီးထဲမှာ ဆောက်ထားတဲ့အပြင်မှာ တည်ဆောက်စကပဲ ချွတ်ချော်ပျက်ယွင်းမှုတွေနဲ့ တွေ့ကြုံခဲ့ရပါတယ်။ ဘယ်လောက်အထိ ပျက်စီးနေတဲ့ အနေအထားမျိုး ရှိသလဲဆိုတော့ Convocation ကြီးဟာ ဆောက်ပြီးမကြာခင်မှာ အက်ကြောင်းတွေထလို့ ကျောင်းက ဘွဲ့နှင်းသဘင်ကို အဲဒီမှာ မကျင်းပနိုင်ဘဲနဲ့ ၂၀၁၁ ခုနှစ်၊ သတ္တမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနား ကို ဟသ်ာတမြို့တော်ခန်းမမှာ လုပ်ခဲ့ရပါတယ်။ ၂၀၁၂ ခုနှစ်၊ အဋ္ဌမအကြိမ်မှာရော၊ ၂၀၁၃ ခုနှစ်၊ နဝမအကြိမ်မှာရော ဘွဲ့နှင်းသဘင်အခမ်းအနားကို ကွန်ပျူတာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမမှာ ပြောင်းရွှေ့လုပ်ခဲ့ရတာမျိုးတွေရှိခဲ့ပါတယ်။ အဲဒီလို ချွတ်ယွင်းတာတွေပဲလား၊ ယနေ့အချိန်အထိ တက္ကသိုလ် အင်္ဂါရပ်နဲ့ မညီတဲ့ အနေအထားမျိုးတွေ တွေ့နေရတယ်။ မုခ်ဦးဆိုင်းဘုတ်လည်း မရှိဘူး။ ကျောင်း အဝင်လမ်းမှာလည်းပဲ ကျွန်တော်တို့ ကျင်းတွေ၊ ချိုင့်တွေ၊ ရေအိုင်တွေနဲ့ လမ်းတစ်လျှောက်လုံးနီးပါး ဆိုးဝါးစွာ ပျက်စီးနေတာကို တွေ့မြင်ရပါတယ်။

Power Point သုံးစွဲခွင့်ပြုပါရန် လေးစားစွာ တောင်းခံအပ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ ကျောင်းခြံစည်းရိုးကို အုတ်တံတိုင်းကာရံထားမှု မရှိတဲ့အတွက် လုံခြုံစိတ်ချရတဲ့ အနေအထားမျိုးမှာ မရှိသေးပါဘူး။ ကျွန်တော်တို့ မကြာသေးခင်က ၂၀-၇-၂၀၁၇ ရက်နေ့ ညနေ(၃)နာရီအချိန်လောက်က ဆိုလို့ရှိရင် ကျောင်းဆရာမတစ်ဦးဟာ ဒီကျောင်းဝင်းထဲမှာပဲ ဆွဲကြိုးလုယက်ခံရတဲ့အမှု ဖြစ်ပွား ခဲ့ပါတယ်။ တက္ကသိုလ်ကို လူသူမနီးတဲ့နေရာမှာ ပြောင်းရွှေ့ထားတဲ့အတွက် အဆောင်မှာနေတဲ့ ကျောင်းဆရာ၊ ဆရာမတွေ၊ ကျောင်းသူ၊ ကျောင်းသားတွေ စိတ်အေးချမ်းသာ ဘေးကင်းလုံခြုံစွာနဲ့ ပညာသင်ကြားဖို့အတွက်လည်းကောင်း၊ အနီးမှာရှိတဲ့ကျေးရွာနေ ပြည်သူတွေကနေပြီးတော့ ကျောင်း ဧရိယာအတွင်းမှာ လူနေအိမ်တွေ ကျူးကျော်ဆောက်လုပ်မှာကို စိုးရိမ်ရတဲ့အတွက်လည်းကောင်း၊ ကျောင်းဝင်းကို အုတ်တံတိုင်းများ ကာရံပေးဖို့ လိုအပ်နေတဲ့ အနေအထားရှိနေပါတယ်။

အင်ဂျင်နီယာလောင်းတွေ မွေးထုတ်ပေးတဲ့ နည်းပညာတက္ကသိုလ်ကြီးဖြစ်သည့် အားလျော်စွာ ၎င်းတို့နဲ့ လိုက်လျောညီထွေတဲ့ အဝင်ဆိုင်းဘုတ်၊ အဝင်လမ်း၊ အဆောက်အအုံတွေ ရှိသင့်ပါတယ်။ ဒါ့အပြင် ကျောင်းသူ၊ ကျောင်းသားတွေရဲ့ တင်ပြချက်အရ သူတို့အပြန်ကျလို့ရှိရင် ကားစောင့်တဲ့ နေရာမှာ ထိုင်ခုံအမိုးတွေပါတဲ့ Bus Stand မရှိဘူး။ ငွေထုတ်ဖို့ ATM စက်တွေလည်း မရှိဘူးဆိုတာ ဒါတွေကိုလည်းပဲ တင်ပြတဲ့အတွက် သိရှိရပါတယ်။ အဲဒီတော့ ၂၀၁၆-၂၀၁၇ ခုနှစ် ပညာရေးအသုံး စရိတ်မှာ ဘီလီယံပေါင်း (၁၉၂၅)ဘီလီယံ သုံးစွဲတယ်။ အခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာတော့ (၁၉၅၅)ဘီလီယံ သုံးစွဲတယ်။ တစ်နှစ်ထက်တစ်နှစ် ပိုပြီးတော့ တိုးမြှင့်သုံးစွဲလာတယ်ဆိုတာ တွေ့ရ ပါတယ်။

ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာက ကျွန်တော်တို့ နည်းပညာတက္ကသိုလ်မှာ တက္ကသိုလ်အဆင့်နှင့် လျော်ညီစွာ ကျောင်းအဝင်မုခ်ဦး တည်ဆောက်ပေးရန်၊ ကျောင်းအဝင်လမ်း ပေ(၁၃၀၀)ခန့်အား ကွန်ကရစ်လမ်းခင်းပေးရန်နှင့် တက္ကသိုလ်ဝင်း ခြံစည်းရိုးအား အုတ်တံတိုင်း ကာရံပေးရန် ယခုဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုတဲ့အတွက် မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

နည်းပညာတက္ကသိုလ် (ဟသ်ာတ)၏ ကျောင်းတည်နေရာမြင်ကွင်းပုံ (ကန)




နည်းပညာတက္ကသိုလ် (ဟသ်ာတ)၏ ကျောင်းအဝင်လမ်း မြင်ကွင်းပုံ (ကန-၁)



နည်းပညာတက္ကသိုလ် (ဟသ်ာတ)၏ ကျောင်းအဝင်လမ်း မြင်ကွင်းပုံ (ကန-၂)



**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၇။**

**ဦးဝင်းမော်ထွန်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ ကျွန်တော် ဦးဝင်းမော်ထွန်း က ကရင်ပြည်နယ် အမှတ်(၄)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဒေါ်နန်းမိုးမိုးထွေး ၏ မေးခွန်းဖြစ်သော ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ထီဖိုးကိန်ကျေးရွာအုပ်စု၊ အ.မ.ကထီးကိုင်ကောင်းတွင် ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန်နှင့် ဆရာ၊ ဆရာမအင်အား ထပ်မံဖြည့်တင်းပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ စပ်လျဉ်းတဲ့ မေးခွန်းနဲ့ပတ်သက်လို့ ရှေးဦးစွာ ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးရဲ့ မဲဆန္ဒနယ်ဖြစ်သော ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်အတွက် ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ငွေလုံးငွေရင်း တည်ဆောက်ရေး

ရန်ပုံငွေနဲ့ ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်းနှင့်တကွ ငွေလုံးငွေရင်းရန်ပုံငွေ ကျပ်သန်းပေါင်း (၇၈၉.၉၀၀) ခွဲဝေချထားပေးပြီး ဆောက်လုပ်ရေးလုပ်ငန်းများ ဆောက်လုပ်ရန် ဆောက်လုပ်ရေးဝန်ကြီး ဌာနသို့ လုပ်ငန်းများအပ်နှံခဲ့ပါကြောင်း ဦးစွာတင်ပြအပ်ပါတယ်။ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ထီးကိုင်ကောင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှာ လက်ရှိအားဖြင့် ပေ(၄၀x၂၄) သွပ်မိုး၊ ပျဉ်ကာတစ်ထပ် တစ်ဆောင်သာရှိပြီး၊ ချွတ်ယွင်းပျက်စီးမှုများကို ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် မိဘဆရာအသင်းမှ ယခု ၂၀၁၇-၂၀၁၈ အတွင်း ပညာသင်ကြားရေး အဆင်ပြေစေရန် ပြင်ဆင်ထား ရှိပါကြောင်း တင်ပြအပ်ပါတယ်။

အဆိုပါကျောင်းဟာ ပြီးခဲ့တဲ့ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာ အခြေခံပညာမူလတန်း ကျောင်း(ခွဲ)မှ အခြေခံပညာမူလတန်းကျောင်းအဖြစ်သို့ အဆင့်တိုးမြှင့်ခဲ့တဲ့ကျောင်းဖြစ်ပြီး ယခု ပညာ သင်နှစ်မှာ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း(၁၂၇)ဦး သင်ကြားလျက်ရှိပါကြောင်း တင်ပြအပ်ပါ တယ်။ ထိုကျောင်းအတွက် မူလတန်းကျောင်းအုပ်တစ်ဦး၊ မူလတန်းပြ(၃)ဦး ခန့်ထားပေးပြီး လစ်လပ် နေရာ (၃)ဦးရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဒီလစ်လပ်နေရာများကိုတော့ ကိုယ်စားလှယ်တော်ကြီး စောစောက တင်ပြခဲ့တဲ့အတိုင်းပဲ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနမှ ဖြည့်ဆည်းခန့်ထားပေးပြီး ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဒီလှိုင်းဘွဲ့မြို့နယ်၊ ထီးကိုင်ကောင်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းမှာ ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးနိုင်ရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ငွေလုံးငွေရင်းရန်ပုံငွေမှာ ထည့်သွင်းလျာထားပေးပြီး ဖြစ်ပါကြောင်း၊ ဆောက်ရွက် ပေးမည် ဖြစ်ပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။

ကျွန်တော်ကပဲ ဆက်လက်ပြီး ဒုတိယမေးခွန်းဖြစ်သော မွန်ပြည်နယ် အမှတ်(၇)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးနိုင်သီဟ ရဲ့ မေးခွန်းဖြစ်သော မွန်ပြည်နယ်၊ ရေးမြို့နယ်၊ အာယုတောင်ကျေးရွာအုပ်စု၊ အပလွိုင်ကြီးကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ကျောင်းသား၊ ကျောင်းသူဦးရေ နှစ်စဉ် တိုးတက်လာမှုကြောင့် ကျောင်းစာသင်ဆောင် လိုအပ်မှုရှိသည့်အတွက် ပေ(၉၀ x ၃၀) RC တစ်ထပ်ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီး ဖြေကြားတင်ပြပါမယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး၏ မဲဆန္ဒနယ်ဖြစ်သော မွန်ပြည်နယ်၊ ရေး မြို့နယ်အတွက် ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ငွေလုံးငွေရင်း တည်ဆောက်ရေး ရန်ပုံငွေဖြင့် ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း လုပ်ငန်းများဆောက်လုပ်ရန် ငွေကျပ်သန်းပေါင်း (၆၀၈.၁၀၀)သန်း ခွဲဝေလျာထားပြီး ဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ တင်ပြပါ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ အပလွိုင်ကြီးကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှာ (၇၀x၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင်(၁)ဆောင်၊ (၃၅x၁၅)ပေ ဖက်မိုး၊ ပျဉ်ကာ တစ်ထပ်ဆောင်တစ်ဆောင်၊ (၄၀x၃၀)ပေ သွပ်မိုး၊ ပျဉ်ကာတစ်ထပ် မူကြိုဆောင်တစ်ဆောင်၊ စုစုပေါင်း စာသင်ဆောင်(၃)ဆောင် ရှိပါကြောင်း တင်ပြအပ်ပါတယ်။

လက်ရှိကျောင်းသူ၊ ကျောင်းသားများအနေနဲ့ မူလတန်းအဆင့်မှာ(၇၉)ဦး၊ အလယ်တန်းအဆင့်မှာ(၃၈)ဦး၊ စုစုပေါင်း(၁၁၇)ဦး ပညာသင်ကြားလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ အပလွိုင်ကြီးကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ကျောင်းသားဦးရေနဲ့ စာသင်ဆောင်မှာ မျှတနေတယ်လို့ သုံးသပ်တွေ့ရှိရတဲ့အတွက် လာမယ့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ကျွန်တော်တို့ ပြည်နယ်အစိုးရအဖွဲ့နဲ့ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာန ပြီးခဲ့တဲ့အပတ်မှာ ညှိနှိုင်း ချက်အရတော့ ဦးစားပေးအစီအစဉ်မှာ မရှိပါကြောင်း တင်ပြအပ်ပါတယ်။ နောင် ဆက်လက်ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှသာ ဆက်လက်လျာထားဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်ကပဲ ချင်းပြည်နယ် အမှတ်(၈)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမာန်လောမောင်းရဲ့ မေးခွန်းဖြစ်သော ဗဟိုချုပ်ကိုင်မှု (Centralism) ကို ဖြေလျှော့ပြီး မြို့နယ်ပညာရေးမှူး လုပ်ပိုင်ခွင့်ကို မြို့နယ်အဆင့်မှာ အတည်ပြု၊ ခရိုင်ပညာရေးမှူး လုပ်ပိုင်ခွင့်ကို ခရိုင်အဆင့်မှာ အတည်ပြု၊ တိုင်း၊ ပြည်နယ်ပညာရေးမှူး လုပ်ပိုင်ခွင့်ကို တိုင်း၊ ပြည်နယ်အစိုးရမှအတည်ပြုပြီး အခြေခံပညာဦးစီးဌာနမှ သင်ကြားရေးဝန်ထမ်းများကို ရာထူးတိုးခြင်း၊ ပြောင်းရွှေ့ခြင်းများ ပြုလုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာ ဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ပညာရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာမှာ နိုင်ငံတော်အဆင့်ကဏ္ဍအလိုက်၊ ကဏ္ဍခွဲအလိုက် ဝန်ကြီးဌာနနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို ဆောင်ရွက်ရာမှာ ပညာရေး ပြုပြင်ပြောင်းလဲမှုတွေကို ရေရှည်ပံ့ပိုးကူညီနိုင်ဖို့ နိုင်ငံတော်အဆင့်ကဏ္ဍ၊ ကဏ္ဍခွဲအလိုက် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်တွေမှာ ထိရောက်မှုရှိပြီး အားလုံးပါဝင်နိုင်တဲ့ ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းတွေကို ထိရောက်စွာဆောင်ရွက်ဖို့ အစီအစဉ် ရှိပါတယ်။ အဲဒီလိုကဏ္ဍ၊ ကဏ္ဍခွဲအလိုက် ထိရောက်စွာ ပေါင်းစပ်ညှိနှိုင်းခြင်းအားဖြင့် အကျိုးကျေးဇူးများ ရရှိစေရေးအတွက် သက်ဆိုင်ရာဌာန အဆင့်ဆင့်အနေနဲ့ ပိုမိုအားထုတ်ဆောင်ရွက်ဖို့ လိုအပ်မှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနဟာ ပညာရေးဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ ဦးစီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် စီမံခန့်ခွဲရေးများတွင် တာဝန်ရှိသူတွေကို အရေးပါတဲ့လုပ်ငန်း၊ တာဝန်တွေကို ဆောင်ရွက်တဲ့နေရာမှာ ပိုမိုတက်ကြွသော အခန်းကဏ္ဍမှ ပါဝင်နိုင်စေဖို့ ဒေသဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ တာဝန်ခံများကို လုပ်ပိုင်ခွင့်များ ခွဲဝေပေးပါရန်၊ ခွဲဝေပေးနိုင်ပါရန် ရည်ရွယ်ချက်ထားရှိပါတယ်။ ယခုကဲ့သို့ဆောင်ရွက်ခြင်းသည် နိုင်ငံတော်အစိုးရ၏ ဗဟိုချုပ်ကိုင်မှုလျှော့ချရေးမူဝါဒ ဖော်ဆောင်ရာမှာ အလွန်အရေးပါတဲ့ ကဏ္ဍဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ အမျိုးသားပညာရေးဥပဒေများနှင့်အညီ ရေးဆွဲပြဋ္ဌာန်းထားသော အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီစီမံကိန်းကို ပြန်ကြည့်ရင် မဟာဗျူဟာမြောက် အပြောင်းအလဲ

(၉)ရပ်ပါရှိပြီး ဒီ(၉)ရပ်အတွင်းမှာ စီမံခန့်ခွဲမှု၊ စွမ်းဆောင်ရည်မြှင့်တင်မှု၊ အရည်အသွေးအာမခံမှုဆိုတဲ့ မဟာဗျူဟာ အပြောင်းအလဲဟာ အရေးကြီးသော ကဏ္ဍအနေနဲ့ ပါဝင်ပါတယ်။

အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းကြီး အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ တည်ဆဲစီမံခန့်ခွဲမှု နည်းလမ်းများ ဖွဲ့စည်းပုံ၊ စီမံခန့်ခွဲမှုစနစ်တွေ အားကောင်းဖို့ လုပ်ဆောင်မှု နည်းလမ်းအသစ်တွေ လိုအပ်သလို လုပ်ထုံးလုပ်နည်းတွေနဲ့ လုပ်ငန်းစဉ်တွေကိုလည်း ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ဖို့လိုအပ်ပါကြောင်း တင်ပြအပ်ပါတယ်။ ယခုကဲ့သို့ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်တဲ့နေရာမှာ အလျင်အမြန်ရုတ်ခြည်း ဆောင်ရွက်မှုအစား အဆင့်အလိုက် တစ်ဆင့်ချင်း ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ အခြေခံပညာဦးစီးဌာနအနေနဲ့က ရာထူးတိုး၊ ပြောင်းရွှေ့ခြင်းမှုတွေကို လက်ရှိကျင့်သုံးနေသော မူများအရ မူလတန်းပြအဆင့်ကို မြို့နယ်ပညာရေးမှူးရုံးက လျာထားပြီး ခရိုင်ပညာရေးမှူးရုံးမှာ အတည်ပြုခြင်း၊ အလယ်တန်းပြအဆင့်ကို ခရိုင်ပညာရေးမှူးရုံးက လျာထားပြီး တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးရုံးမှာ အတည်ပြုခြင်း၊ အထက်တန်းပြနှင့် ရာထူးတူများကို တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးရုံးများမှာ လျာထားပြီး တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့နှင့် အခြေခံပညာဦးစီးဌာန (ရုံးချုပ်)မှ အတည်ပြုခြင်းများကို စီမံဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

မူလတန်းပြများ၊ အထက်တန်းပြများ၊ အလယ်တန်းပြများ၊ ရာထူးတိုး၊ ပြောင်းရွှေ့မှုတွေကိုလည်း တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များထံ တင်ပြပြီး အတည်ပြုချက် ရယူဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို မူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်များ ရာထူးတိုး၊ ပြောင်းရွှေ့ရေးမှုတွေကို တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များထံ အတည်ပြုချက် ရယူဆောင်ရွက်ရတဲ့အတွက် ၎င်းတို့၏ သဘောထားမှတ်ချက်များ စုံလင်စွာစောင့်ဆိုင်းရတဲ့ အချိန်ကာလ လိုအပ်မှုရှိကြောင်းလည်း တင်ပြအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကိုယ်စားလှယ်တော်ကြီး၏ ထောက်ပြဆွေးနွေးမှုကို သိရှိသဘောပေါက် လက်ခံပါတယ်။ သို့သော် တင်ပြပါအတိုင်း စနစ်တစ်ခုမှ အခြားစနစ်တစ်ခုသို့ ကူးပြောင်းမှုများဆောင်ရွက်ရာတွင် ကူးပြောင်းမည့်စနစ်နှင့် လိုက်လျောညီထွေသည့် အစီအမံများ၊ အလေ့အကျင့်ကောင်းများ အထူးလိုအပ်ပြီး ကူးပြောင်းဖို့ အသင့်ဖြစ်တဲ့ အချိန်ကာလရောက်မှသာ ပြောင်းလဲဆောင်ရွက်ရခြင်းက သင့်လျော်ပါကြောင်း တင်ပြအပ်ပါတယ်။

ဒါကြောင့် ပညာရေးဝန်ကြီးဌာနအနေနဲ့ အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်း (၂၀၁၆-၂၀၂၁) နဲ့အညီ စီမံကိန်းအဆင့်အလိုက်၊ ကဏ္ဍအလိုက် ပြုပြင်ပြောင်းလဲမှုတွေကို ဆောင်ရွက်လျက်ရှိပါသောကြောင့် ကိုယ်စားလှယ်တော်ကြီး တင်ပြမေးမြန်းထားတဲ့ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် လုပ်ပိုင်ခွင့်တွေကို ဆရာ၊ ဆရာမ၊ အရာထမ်း၊ အမှုထမ်း၊ မိဘအုပ်ထိန်းသူ၊ ဒေသခံပြည်သူ အစရှိသဖြင့် တစ်ဆင့်ပြီးတစ်ဆင့် အချိန်ယူပြုပြင်သွားရမည် ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်ကြီး တင်ပြချက်အား အဆင့်အလိုက်ဆောင်ရွက်ပေးရန် စီစဉ်ဆောင်ရွက်မည် ဖြစ်ပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး မွန်ပြည်နယ် အမှတ်(၄)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီး ဦးလင်းတင်ဒွေး ရဲ့ မေးခွန်းဖြစ်သော မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်အတွင်းရှိ သင်္ကော ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် ကလွီကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)တို့အား အခြေခံပညာ အထက်တန်းကျောင်းအဖြစ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၌ အဆင့်တိုးမြှင့် ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနဲ့စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွင်း သတ်မှတ်ကျောင်းသားဦးရေပြည့်မီမှု၊ သတ်မှတ်ချက်အရ ပြည့်မီမှုအရ (၄၁၂)ကျောင်း၊ ဖြေလျှော့ပြီး ဆောင်ရွက်ပေးခဲ့တဲ့ကျောင်း (၄၆၈၇) ကျောင်း စုစုပေါင်းအခြေခံကျောင်းပေါင်း(၅၀၉၉) ကျောင်းကို သက်ဆိုင်ရာ ကျောင်းအဆင့်အသီးသီးသို့ တိုးမြှင့်ခဲ့ပြီး ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီး တင်ပြသကဲ့သို့ ဒီလိုတိုးမြှင့်ဆောင်ရွက်ပေးရာမှာ ချောင်းဆုံမြို့နယ်မှာတော့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တစ်ကျောင်းသာ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ ယခုနှစ်မှာတော့ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ သင်္ကောကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် ကလွီကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)များအတွက် သတ်မှတ်ချက်ကို ဖြေလျှော့ပြီးတော့ လာမယ့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ ကျောင်းအဆင့် တိုးမြှင့်ရေး ဆောင်ရွက်ပေးပါမည် ဖြစ်ကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်ကပဲ ဧရာဝတီတိုင်းဒေသကြီး အမှတ်(၄)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးထိန်ဝင်း ရဲ့ မေးခွန်းဖြစ်သော ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်၊ နတ်မော်ကျေးရွာတွင် ဖွင့်လှစ်ထားသည့် ဟင်္သာတနည်းပညာတက္ကသိုလ်အား တက္ကသိုလ်အဆင့်နှင့် လျော်ညီစေရန် ကျောင်းအဝင်မုခ်ဦး တည်ဆောက်ပေးရန်နှင့် ပျက်စီးနေသော ကျောင်းအဝင်လမ်းအား ကွန်ကရစ်ခင်းပေးရန်၊ အဆောင်နေ ဆရာ၊ ဆရာမများ၊ ကျောင်းသူ၊ ကျောင်းသားများ ဘေးအန္တရာယ်လုံခြုံရေးအတွက် အုတ်တံတိုင်းကာရံပေးရန်တို့ကို ယခုဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီး ဖြေကြားတင်ပြပေးမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ နတ်မော်ကျေးရွာမှာ ဖွင့်လှစ်ထားတဲ့ ဟင်္သာတနည်းပညာတက္ကသိုလ်မှာ ယခုပညာသင်နှစ်အတွင်း ကျောင်းသား၊ ကျောင်းသူဦးရေ (၁၄၁၀)ဦးနဲ့ ဝန်ထမ်းဦးရေဆရာ၊ ဆရာမဦးရေ (၁၅၂)ဦးရှိပါကြောင်း တင်ပြအပ်ပါတယ်။ လက်ရှိ အဆောက်အဦများအနေနဲ့ (၆)ခန်းတွဲ(၁)ထပ် ဝန်ထမ်းအိမ်ရာ(၂)လုံး၊ (၆)ခန်းတွဲ(၂)ထပ် ဝန်ထမ်းအိမ်ရာ(၁)လုံး၊ သံကူကွန်ကရစ်တစ်ထပ် အလုပ်ရုံ(၁)လုံး၊ သံကူကွန်ကရစ်(၃)ထပ် စာသင်ဆောင်(၁)လုံး၊ အုတ်ညှပ်(၁)ထပ် ဝန်ထမ်းအိမ်ရာ(၁၀)လုံး၊ အုတ်ညှပ်(၁)ထပ် ကျောင်းအုပ်နေအိမ်(၁)လုံး၊ အုတ်ညှပ်(၁)ထပ် ဆရာ၊ ဆရာမဆောင်(၂)လုံးနဲ့ Brick Pillar (၁)ထပ် စာသင်ဆောင်(၁)လုံး စသည်ဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးတာ ရှိပါတယ်။ ယခုလက်ရှိ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာလည်း

ကျောင်းသား၊ ကျောင်းသူ (၁၆၀)ဦးဆုံ အိပ်ဆောင်(၁)လုံး ထပ်မံဆောက်လုပ်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီး တင်ပြသကဲ့သို့ ဟသ်ာတ နည်းပညာတက္ကသိုလ်မှာ (၁၆၀)ဦးဆံ့ ကျောင်းသား၊ ကျောင်းသူအိပ်ဆောင်(၁)လုံး၊ ကျောင်းအဝင်မုခ်ဦး တည်ဆောက်ခြင်း၊ ကျောင်းအဝင်လမ်းအား ကွန်ကရစ်ခင်းခြင်း၊ တက္ကသိုလ်ဝင်းခြံ ခြံစည်းရိုး အုတ်တံတိုင်းကာရံပေးခြင်းအတွက် လိုအပ်တဲ့ ရန်ပုံငွေကို ယခုနှစ် ရန်ပုံငွေမှာတော့ ဆောင်ရွက်နိုင်ခြင်းမရှိဘဲနဲ့ လာမယ့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ သက်ဆိုင်ရာ ဧရာဝတီတိုင်း လူမှုရေးဝန်ကြီးနဲ့အတူ ညှိနှိုင်းပြီးတော့ ရန်ပုံငွေ သတ်မှတ်ဆောင်ရွက်ပေးပြီး ဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဦးခင်မျိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ မြန်မာနိုင်ငံ၏ ငါးလုပ်ငန်းနှင့်ရေလုပ်ငန်း ရေရှည်ဖွံ့ဖြိုး တိုးတက်စေရန် ငါးနှင့်ရေသယံဇာတများမှ ရသင့်ရထိုက်သော အခွန်အခများ ရရှိစေရန်၊ မြန်မာ့ရေသယံဇာတများ ထိန်းသိမ်းနိုင်ရန် မြန်မာ့ပင်လယ် ကမ်းနီးကမ်းဝေးမှ ဖမ်းဆီးရရှိလာသော ငါးနှင့်ရေသယံဇာတများကို စစ်ဆေးရေးဂိတ်များရှိသော ငါးတင်/ငါးချဆိပ်ကမ်းများပေါ်တွင် တင်ဆောင်ပြီး သေချာစိစစ်ကြပ်မတ်စစ်ဆေး မှတ်တမ်းတင်ပြီးမှသာ စက်ရုံ သို့မဟုတ် ပြည်ပသို့ FOB , CIF ကဲ့သို့သော ငါးသယ်လှေများဖြင့် ပို့ဆောင်ခွင့်ပြုရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်း နှင့်လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း က မြန်မာနိုင်ငံ၏ ငါးလုပ်ငန်းနှင့် ရေလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် ငါးနှင့်ရေသယံဇာတများမှ ရသင့်ရထိုက်သော အခွန်အခများ ရရှိစေရန်၊ မြန်မာ့ရေသယံဇာတများ ထိန်းသိမ်းနိုင်ရန် မြန်မာ့ပင်လယ် ကမ်းနီးကမ်းဝေးမှ ဖမ်းဆီးရရှိလာသော ငါးနှင့်ရေသယံဇာတများကို စစ်ဆေးရေး ဂိတ်များရှိသော ငါးတင်/ငါးချဆိပ်ကမ်းများပေါ်တွင် တင်ဆောင်ပြီး သေချာစိစစ် ကြပ်မတ်စစ်ဆေး မှတ်တမ်းတင်ပြီးမှသာ စက်ရုံ သို့မဟုတ် ပြည်ပသို့ FOB,CIF ကဲ့သို့သော ငါးသယ်လှေများဖြင့် ပို့ဆောင်ခွင့်ပြုရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ဦးခင်မျိုးဝင်း အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၄။**

**ဦးခင်မျိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မျိုးဝင်း ဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံ၏ ငါးလုပ်ငန်းနှင့် ရေလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်၊ ငါးနှင့်ရေသယံဇာတများမှ ရသင့်ရထိုက်သော အခွန်အခများကို ရရှိစေရန်၊ မြန်မာ့ရေသယံဇာတများ ထိန်းသိမ်းနိုင်ရန်အတွက် မြန်မာ့ပင်လယ် ကမ်းနီး၊ ကမ်းဝေးမှ ဖမ်းဆီးရရှိလာသော ငါးနှင့်ရေသယံဇာတများကို စစ်ဆေးရေးဂိတ်များရှိသော ငါးတင်/ငါးချဆိပ်ကမ်းပေါ်တွင် တင်ဆောင်ပြီး သေချာစိစစ် ကြပ်မတ်စစ်ဆေး မှတ်တမ်းတင်ပြီးမှသာ စက်ရုံ သို့မဟုတ် ပြည်ပသို့ FOB, CIF ကဲ့သို့သော ငါးသယ်လှေများဖြင့် ပို့ဆောင်ခွင့်ပြုရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်းအဆိုကို စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

ရည်ရွယ်ချက်ကတော့ ငါးနှင့်ရေသယံဇာတများမှ အခွန်အခများ ပိုမိုရရှိရန်၊ ပြည်ပပို့ကုန်မှ နိုင်ငံခြားဝင်ငွေ ပိုမိုရရှိရန်၊ အချက်အလက်မှန်ကန်သော သုတေသနလုပ်ငန်းများ ပြုလုပ်နိုင်ရန်၊ သုတေသနလုပ်ငန်းများမှ ငါးနှင့်ရေသယံဇာတများကို ထိန်းသိမ်းနိုင်ရန်၊ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိရန်နှင့် ဝင်ငွေတိုးတက်လာစေရန်၊ ပြည်ပပို့ကုန်အတွက် Catch Certificate (ခေါ်) တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော တရားဝင်စာရွက်စာတမ်းများ ထုတ်ပေးနိုင်ရန်၊ ငါးဖမ်းလုပ်ငန်းအတွက် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ EU ကဲ့သို့သော နိုင်ငံများက သတ်မှတ်ထားသော တရားမဝင် ငါးဖမ်းဆီးခြင်း၊ သတင်းပို့ရန် ပျက်ကွက်ခြင်း၊ ပုံမှန်မဟုတ်သော စည်းကမ်းမဲ့ ဝင်ရောက် ငါးဖမ်းခြင်း (Illegal, Unreported and Unregulated Fishing-IUU Fishing) ပြုလုပ်သည့် ငါးဖမ်းခြင်းမှ ကာကွယ်နိုင်ရန်တို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ အာဆီယံနိုင်ငံများတွင် ရေပြင်နယ်နိမိတ်အကျယ်ဆုံး နိုင်ငံဖြစ်ပါတယ်။ ပင်လယ်ကမ်းရိုးတန်းအနေနဲ့ ဗီယက်နမ်နိုင်ငံဟာ (၃၄၄၄)ကီလိုမီတာရှိပြီး မြန်မာနိုင်ငံရဲ့ ပင်လယ်ကမ်းရိုးတန်းဟာ (၂၈၃၂)ကီလိုမီတာ ရှိတဲ့အတွက် ဗီယက်နမ်ပြီးရင် ဒုတိယအရှည်ဆုံး ပင်လယ်ကမ်းရိုးတန်းကို ပိုင်ဆိုင်ထားတဲ့ နိုင်ငံလည်း ဖြစ်ပါတယ်။ ကမ္ဘာပေါ်တွင် ရေသယံဇာတ ပိုင်ဆိုင်မှုအဆင့်(၁၄)တွင် ပါဝင်ပြီး ကမ္ဘာ့အသန့်ရှင်းဆုံး ကမ်းရိုးတန်း(၁၀)ခုတွင်လည်း ပါဝင်ပါတယ်။ ပင်လယ်ကျွန်းပေါင်း(၈၀၀)ကျော် ပါဝင်တဲ့အတွက် သဘာဝပတ်ဝန်းကျင်ကောင်းများကို တည်မှီ၍ ငါးနှင့်ရေသယံဇာတ အရင်းအမြစ်ပေါများရာ ဒေသလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံနှင့် ရေ မြေ၊ ရာသီဥတုတူညီသည့် ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများ၏ ရေထွက်ပစ္စည်းများ၏ ပို့ကုန်တန်ဖိုးများကို လေ့လာကြည့်မည်ဆိုလျှင် ထိုင်းနိုင်ငံသည် ၂၀၁၆-၂၀၁၇ ခုနှစ် ရေထွက်ပစ္စည်း

ပြည်ပပို့ကုန်မှ ရရှိသည့် ဝင်ငွေမှာ အမေရိကန်ဒေါ်လာသန်း(၇၅၀၀)ရှိပြီး ၂၀၂၀ အထိ မျှော်မှန်းချက်မှာ အမေရိကန်ဒေါ်လာသန်း (၁၂၀၀၀)ရှိပါတယ်။ ဗီယက်နမ်နိုင်ငံသည် ရေထွက်ပစ္စည်း ပြည်ပပို့ကုန်မှရရှိသည့် ဝင်ငွေမှာ အမေရိကန်ဒေါ်လာသန်း(၇၅၀၀)ရှိပြီး ၂၀၂၀ အထိ မျှော်မှန်းချက်မှာ အမေရိကန်ဒေါ်လာသန်း(၁၁၀၀၀)ရှိပါတယ်။ မြန်မာနိုင်ငံ၏ ရေထွက်ပစ္စည်း ပြည်ပပို့ကုန်မှာ အမေရိကန်ဒေါ်လာ (၆၀၅.၈၂)သန်းသာ ရှိပါ၍ (၁၀)ဆခန့် နည်းနေပါတယ်။

၂၀၁၅-၂၀၁၆ စာရင်းအရ မြန်မာနိုင်ငံတွင် ကမ်းနီးငါးဖမ်းလှေ စက်တပ်လှေငယ် (၁၂၂၄၀)စီး၊ စက်မဲ့လှေငယ် (၁၃၃၉၁)စီးရှိပါတယ်။ ကမ်းဝေးငါးဖမ်းလှေ နိုင်ငံသားပိုင်(၂၇၁၈)စီး ရှိပြီး၊ နိုင်ငံခြားသားပိုင် ကမ်းဝေးငါးဖမ်းစက်လှေ (၅)စီးရှိပါတယ်။ ကမ်းဝေးငါးဖမ်းလှေ(၁)စီးဟာ ငါးဖမ်းတစ်ခါထွက်ရန် အချိန်(၃)လ၊ ရက်ပေါင်း(၉၀)ရရှိပါတယ်။ တစ်နှစ်မှာ ငါးသားပေါက်ရာသီ အဖြစ် ငါးမဖမ်းရ (၃)လပိတ်ထားပါတယ်။ ဒါကြောင့် ကမ်းဝေးငါးဖမ်းလှေ(၁)စီးဟာ တစ်နှစ်လျှင် ငါးဖမ်း (၃)ကြိမ်ထွက်ဖမ်းခွင့်ရရှိပါတယ်။ တနင်္သာရီတိုင်းတွင် ကမ်းဝေးငါးဖမ်းလှေ အစီးရေ(၁၃၅၅) စီးရှိပါတယ်။ တနင်္သာရီတိုင်းရှိ မြိတ်မြို့ ဖမ်းဆီးရရှိသည့် ရေထွက်ပစ္စည်းများ၊ နိုင်ငံခြားတင်ပို့မည့် ရေထွက်ပစ္စည်းများ စစ်ဆေးရန်အတွက် သက်ဆိုင်ရာဌာနပေါင်းစုံ ပါဝင်သည့် ရေထွက်ပစ္စည်း စစ်ဆေးရေးစခန်း One Stop Services တွင် နှစ်အလိုက် လိုင်းဖြူငါးသယ်ရေယာဉ်များ၏ နိုင်ငံခြား Export တင်ပို့မှု ၂၀၁၆-၂၀၁၇ စာရင်းအရ အစီးရေ (၈၆၉)ခေါက်သာ စစ်ဆေးခံတဲ့အကြောင်း သိရှိရပါတယ်။ အမှန်ဆိုလျှင် ကမ်းဝေးငါးဖမ်းလှေ အစီးရေ(၁၀၀၀)ကျော်ရှိတဲ့အတွက် (၁)နှစ်လျှင် အခေါက်ရေ (၃၀၀၀)ကျော် စစ်ဆေးခံရမှာ ဖြစ်ပါတယ်။

ရေထွက်ပစ္စည်းများ စစ်ဆေးရာ၌လည်း အမှန်တကယ် ဆိပ်ကမ်းပေါ်တင်/ချ စစ်ဆေးခြင်း မဟုတ်ဘဲ စာရွက်ပေါ်တွင်သာ လှေခေါင်းဆောင် တာဝန်ခံကပေးသော ရေထွက်ပစ္စည်းစာရင်းကိုသာ စစ်ဆေးလက်မှတ်ရေးထိုးပေးနေသည့်အတွက် နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်အခများလည်း အမှန်တကယ် မရရှိဘဲ ဖြစ်နေပါတယ်။ အကယ်၍သာ ဖမ်းဆီးရရှိသော ငါးနှင့်ရေထွက်ပစ္စည်းများကို မှတ်ပုံတင်ထားသော ငါးတင်/ငါးချ ဆိပ်ကမ်းပေါ်တွင် တင်ဆောင်ပြီး အသေအချာ စိစစ်ကြပ်မတ် စစ်ဆေးပါက ယခုရရှိနေသော အခွန်အခများထက် များစွာပိုမိုရရှိပြီး ပြည်ပပို့ကုန်တန်ဖိုးမှာလည်း များစွာ မြင့်တက်လာမည်ဖြစ်ပြီး၊ နိုင်ငံခြားဝင်ငွေမှာလည်း ပိုမိုရရှိလာမည် ဖြစ်ပါတယ်။ ငါးတင်/ငါးချ ဆိပ်ကမ်းပေါ်တွင် အသေအချာ စိစစ်ကြပ်မတ် စစ်ဆေးခြင်း မရှိသည့်အတွက် မည်သည့်ငါးဖမ်းကွက်က မည်သည့်ငါးမျိုးစိတ်များ ဖမ်းဆီးရမိသည်။ မည်သည့် ငါးမျိုးစိတ်များ ရှားပါးနေသည်ကိုလည်း သုတေသနမပြုလုပ်နိုင်ပါ။ သုတေသနများ မပြုလုပ်နိုင်သည့်အတွက် မည်သည့်ငါးမျိုးစိတ်များ ရှားပါးလာပြီး မည်သို့ကာကွယ်စီမံရမည်ကို စီမံဆောင်ရွက်နိုင်ခြင်း မရှိခဲ့သလို မည်သည့်ငါးမျိုးစိတ် အသစ်များ ဖမ်းဆီးရရှိနေသည်ကိုလည်း မှတ်တမ်းတင် သုတေသနပြုလုပ်နိုင်ခြင်း မရှိပါ။

ငါးနှင့်ရေသယံဇာတ ထိန်းသိမ်းကာကွယ်ရေးများတွင် များစွာအခက်အခဲရှိသလို နိုင်ငံတော်အတွက် အခွန်ကောက်ခံမှုအတွက်လည်း လုပ်ငန်းရှင်များပေးသည့် စာရင်းဇယားအပေါ်တွင်သာ ကောက်ခံရရှိ နေသည့်အတွက် နိုင်ငံတော်အတွက် အခွန်အခများစွာ ဆုံးရှုံးနေရပါသည်။ သို့အတွက်

ကြောင့် တရားမဝင် ငါးဖမ်းခြင်း၊ သတင်းပို့ရန် ပျက်ကွက်ခြင်း၊ ပုံမှန်မဟုတ်သော စည်းကမ်းမဲ့ ဝင်ရောက်ငါးဖမ်းခြင်း၊ (Illegal, Unreported and Unregulated Fishing-IUU) ကိစ္စရပ်များ ဖြစ်ခြင်းအား မကာကွယ်နိုင်ပါ။ IUU Fishing ဖြစ်ခြင်းအား ကာကွယ်ရန် ငါးဖမ်းလှေများတွင် ငါးဖမ်းရေယာဉ် စောင့်ကြည့် ထိန်းချုပ်ရေးကိရိယာ Vessel Monitoring System (VMS) များ တပ်ဆင်ခြင်းအားဖြင့် ငါးဖမ်းလှေများကို ကုန်းပေါ်စစ်ဆေးရေးစခန်းများမှ ဂြိုလ်တုမှတစ်ဆင့် ထိန်းချုပ်စောင့်ကြည့်နိုင်မည် ဖြစ်ပါတယ်။ VMS စနစ် တပ်ဆင်ခြင်းအားဖြင့် ငါးဖမ်းရေယာဉ်၏ တည်နေရာ၊ ပုံမှန်နာရီအလိုက် ရေယာဉ်အမြန်နှုန်း၊ ရေယာဉ်လမ်းကြောင်းများ ပုံမှန်သတင်းပေးပို့ခြင်း၊ မိုးလေဝသသတင်းကို ရေယာဉ်များသို့ ပေးပို့ခြင်း၊ မုန်တိုင်းအန္တရာယ်ရှိပါက ကြိုတင်သတင်းပေးပို့ခြင်း၊ ရေလုပ်သားများ ပင်လယ်ပြင်တွင် လုံခြုံရေး ဆောင်ရွက်မှု တိုးတက်စေခြင်း၊ မည်သည့် ငါးမျိုးစိတ်များသည် မည်သည့်ငါးဖမ်းကွက်တွင် အကောင်းဆုံး ဖြစ်သည်ကို တွက်ချက်ပေးနိုင်ခြင်း၊ ပင်လယ်ပြင် ပတ်ဝန်းကျင် ကာကွယ်ရေးအတွက် ဆီယိုဖိတ်မှုနှင့် စီးမျောမည့်လမ်းကြောင်းကို ကြိုတင်ခန့်မှန်း၍ စီမံခန့်ခွဲနိုင်ခြင်း၊ စုဆောင်းရရှိသော သတင်းအချက်အလက်များကို စီစဉ်ဆန်းစစ်အသုံးပြုနိုင်ခြင်း၊ VMS တပ်ဆင်ထားခြင်း မရှိသည့် တရားမဝင် ငါးဖမ်းရေယာဉ်များ၊ ငါးခိုးကယ်ရီလှေများကို ထောက်လှမ်းနိုင်ခြင်း၊ ငါးဖမ်းရေယာဉ်များ ဆိပ်ကမ်းသို့ ဝင်ရောက်စစ်ဆေးခံခြင်း ရှိ/မရှိကိုလည်း သိရှိနိုင်ပါသည်။

ဤကဲ့သို့သိရှိမှသာ ဖမ်းဆီးရရှိလာသော ငါးနှင့်ရေသယံဇာတများကို ငါးတင်/ငါးချ ဆိပ်ကမ်းပေါ်တင်၍ စစ်ဆေးခြင်းဖြင့် နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီသော Catch Certificate (ခေါ်) တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော စာရွက်စာတမ်းများ ထုတ်ပေးနိုင်မည်။ သို့မှသာ ပြည်ပတင်ပို့ခွင့် လိုင်စင်ရယူထားသော ငါးဖမ်းရေယာဉ်များ FOB, CIF ကဲ့သို့သော ငါးသယ်ရေယာဉ်များနှင့် ပြည်ပသို့ တရားဝင်သယ်ယူပို့ဆောင်နိုင်မည်။ နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ Catch Certificate ထုတ်ပေးနိုင်ရန်၊ ငါးသယ်ရေယာဉ်များအတွက် Catch Certificate ကို သတ်မှတ်ထားသည့် ငါးတင်/ငါးချ ဆိပ်ကမ်းတွင်သာ ထုတ်ပေးရမည်။ Catch Certificate အား ဆိပ်ကမ်းတွင် ငါးအမျိုးအစားနှင့် ကုန်ချိန်ကို မျက်မြင်စစ်ဆေးပြီးမှသာ ထုတ်ပေးမည်ဖြစ်ပြီး ကြိုတင်ထုတ်ပေးခြင်းလုံးဝမပြုလုပ်ရပါ။ Catch Certificate အား လျှောက်ထားရာတွင် သတ်မှတ်ထားသည့် အချက်အလက်များ ပြည့်စုံခြင်းနှင့် အချက်အလက်များ မှန်ကန်ခြင်းရှိမှသာ ထုတ်ပေးမည်။ ငါးသယ်ရေယာဉ်များမှ တင်ပြလာသည့် ကုန်လွှဲပြောင်းမှုမှတ်တမ်းအား ငါးလုပ်ငန်းဦးစီးဌာနသို့ ပေးပို့ထားသော ငါးဖမ်းရေယာဉ်များ၏ နေ့စဉ်ငါးဖမ်းမှတ်တမ်းများတွင် ငါးသယ်ရေယာဉ်များမှ သယ်ယူလာသည့် ငါးဖမ်းရေယာဉ်အမျိုးအစားနှင့် ကုန်ချိန်ဖော်ပြခြင်း မရှိပါကလည်းကောင်း၊ မှန်ကန်မှု မရှိပါကလည်းကောင်း Catch Certificate ထုတ်ပေးမည် မဟုတ်ပါ။

သို့သော်လည်း ဖမ်းဆီးရရှိလာသော ငါးများကို ငါးတင်/ငါးချ ဆိပ်ကမ်းပေါ်တင်၍ ယနေ့အချိန်အထိ အမှန်တကယ် စစ်ဆေးခြင်းမရှိဘဲ လုပ်ငန်းရှင်များကပေးသော စာရင်းဇယားအပေါ်တွင်သာ စစ်ဆေးပြီး Catch Certificate ထုတ်ပေးနေသည်ကို တွေ့ရှိရပါသည်။ နိုင်ငံတကာ စံချိန်စံညွှန်းနဲ့လည်းမညီ၊ ငါးအမျိုးအစား ကုန်ချိန်များလည်း မျက်မြင်မဟုတ်ဘဲ လုပ်ငန်းရှင်များကပေးသော

စာရင်းဇယားအပေါ်တွင်သာ အခြေခံ၍ စစ်ဆေးကောက်ခံ ထုတ်ပေးနေသောကြောင့် နိုင်ငံတော်အတွက် အခွန်အခများစွာ နစ်နာဆုံးရှုံးနေရပါသည်။ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများမှလည်း ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန် လာရောက်ရင်းနှီးမြှုပ်နှံရန်လည်း မြေပြင်ပေါ်တွင် ကုန်ကြမ်းမမြင်တွေ့ရသည့်အတွက် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု နည်းပါးနေရခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဖမ်းဆီးရရှိလာသော ငါးနှင့်ရေသယံဇာတများကို ငါးတင်/ငါးချဆိပ်ကမ်းတွင် တင်ဆောင်ပြီး စစ်ဆေးမှသာလျှင် ကုန်ကြမ်းများကိုမြင်တွေ့ပြီး ရင်းနှီးမြှုပ်နှံမည့် ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များကလည်း မိမိတို့တွက်ခြေကိုက်မည့် လုပ်ငန်းများဖြစ်သော အအေးခန်းစက်ရုံများ၊ ရေခဲစက်ရုံများ၊ တန်ဖိုးမြင့် Value added ရေလုပ်ငန်းထုတ်ကုန်စက်ရုံများ၊ ငါးဖမ်းကိရိယာစက်ရုံများကို ရင်းနှီးမြှုပ်နှံလုပ်ကိုင်လာကြမှာ ဖြစ်ပါသည်။ ဒေသတွင်းပြည်သူများလည်း အလုပ်အကိုင် အခွင့်အလမ်း ပိုမိုရရှိလာကြပြီး ရောင်းသူ၊ ဝယ်သူဈေးကွက်များကိုလည်း ပိုမိုဖော်ဆောင်ပေးနိုင်မှာ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတကာနဲ့အညီ ဖွံ့ဖြိုးတိုးတက်စေရန် အနည်းဆုံး ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများကို အမီလိုက်တိုးတက်စေရန်၊ နိုင်ငံတကာတွင် လိုက်နာကျင့်သုံးနေသော နည်းစနစ်များကို ကျင့်သုံးဆောင်ရွက်မှသာလျှင် တိုးတက်အောင်မြင်မည်ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ ငါးလုပ်ငန်းနှင့်ရေလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် ငါးနှင့်ရေသယံဇာတများမှ ရသင့်ရထိုက်သော အခွန်အခများ ရရှိစေရန်၊ မြန်မာ့ရေသယံဇာတများ ထိန်းသိမ်းနိုင်ရန်၊ မြန်မာ့ပင်လယ်ကမ်းနီး၊ ကမ်းဝေးမှ ဖမ်းဆီးရရှိလာသော ငါးနှင့်ရေသယံဇာတများကို စစ်ဆေးရေးဂိတ်များရှိသော ငါးတင်/ငါးချဆိပ်ကမ်းပေါ်တွင် တင်ဆောင်ပြီး သေချာစိစစ် ကြပ်မတ်စစ်ဆေးမှတ်တမ်းတင်ပြီးမှသာ စက်ရုံသို့မဟုတ် ပြည်ပသို့ FOB, CIF ကဲ့သို့သော ငါးသယ်လှေများဖြင့် ပို့ဆောင်ခွင့်ပြုရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်းအဆိုကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့်သူရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၅၄။**

**ဦးစောယှားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကြီးတစ်ရပ်လုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင် စောယှားဖောင်အွာ ဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မျိုးဝင်း ၏ အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့ အဆိုပါ မြန်မာ့ပင်လယ်ကမ်းနီး၊ ကမ်းဝေးမှ ဖမ်းဆီးရရှိလာသော ငါးသယံဇာတများကို စစ်ဆေးရေးဂိတ်များရှိသော ငါးတင်/ငါးချဆိပ်ကမ်းများပေါ်တွင် သေချာစိစစ်ပြီး မှတ်တမ်းတင်ပြီးမှသာ စက်ရုံ သို့မဟုတ် ပြည်ပသို့ FOB, CIF ကဲ့သို့သော ငါးသယ်လှေများဖြင့် ပို့ဆောင်ခွင့်ပြုရန် အဆိုအား အမျိုးသားလွှတ်တော်၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီရဲ့ကိုယ်စား တင်သွင်းထားတာလည်း ဖြစ်ပါတယ်။ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသော အဆိုတစ်ရပ်လည်း ဖြစ်ပါတယ်။

သို့ပါသောကြောင့် ရေလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်၊ ငါးနှင့်ရေသယံဇာတများမှ ရသင့်ရထိုက်သော အခွန်အခများရရှိစေရန်၊ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိရန်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မျိုးဝင်း ၏ အဆိုအား အမျိုးသားလွှတ်တော်ကြီးမှ လက်ခံဆွေးနွေး သင့်ပါကြောင်း ထောက်ခံအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးခင်မျိုးဝင်း တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ မြန်မာနိုင်ငံ၏ ငါးလုပ်ငန်းနှင့်ရေလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် ငါးနှင့်ရေသယံဇာတများမှ ရသင့်ရထိုက်သော အခွန်အခများရရှိစေရန်၊ မြန်မာ့ရေသယံဇာတများ ထိန်းသိမ်းနိုင်ရန်၊ မြန်မာ့ပင်လယ် ကမ်းနီး/ကမ်းဝေးမှ ဖမ်းဆီးရရှိလာသော ငါးနှင့်ရေသယံဇာတများကို စစ်ဆေးရေးဂိတ်များရှိသော ငါးတင်/ငါးချ ဆိပ်ကမ်းများပေါ်တွင် တင်ဆောင်ပြီး သေချာစိစစ် ကြပ်မတ်စစ်ဆေး မှတ်တမ်းတင်ပြီးမှသာ စက်ရုံ သို့မဟုတ် ပြည်ပသို့ FOB,CIF ကဲ့သို့သော ငါးသယ်လှေများဖြင့် ပို့ဆောင်ခွင့်ပြုရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလားခင်ဗျား။

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးခင်မျိုးဝင်း ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၅၇။**

**ဥက္ကဋ္ဌ။** ။ဦးခင်မျိုးဝင်း တင်သွင်းတဲ့ အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၅၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၅၂)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၀း၅၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၅၁)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၅၂)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၅၁)ရက်မြောက်နေ့ကို ၁၀း၅၇ နာရီအချိန်တွင် ရပ်နားပါသည်။]